UNHCR
The UN Refugee Agency



## မြန်မာနိုင်ငံရှိမြေယာကိစ္စများအကြောင်းအမေးအဖြေများ

UNHCR သည်စခန်းထဲရှိဒုက္ခသည်များထံမှငင်းတို့မြန်မာနိုင်ငံတွင်နေထိုင်ခဲ့သည့်အချိန်၌ငင်းတို့တချိန်ကပိုင်ဆိုင်ခဲ့သောမြေကိုယခုအခါတခြားသူများမှဝင်ရောက်နေထိုင်ခြင်း (သို့မဟုတ် )စီးပွားရေးလုပ်ငန်းများအတွက်အသုံးပြုနေခြင်း (သို့မဟုတ် )ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများတွင်အသုံးပြုနေခြင်းစသည့်အကြောင်းကိစ္စများနှင့်ပက်သက်သည့်အစီအရင်ခံစာအတော်များများကိုလက်ခံရရှိခဲ့သည်။ဤစာစုသည်မြန်မာနိုင်ငံတွင်မြေယာဥပဒေများ၊လက်တွေ့လုပ်ဆောင်မှုများနှင့်ပက်သက်သောအခြေခံသတင်းအချက်အလက်တချို့ကိုပံ့ပိုးပေးရန်ရည်ရွယ်ကာမြေယာပြန်လည်တောင်းဆိုချင်သည့်သူများအတွက် (သို့မဟုတ် )အနာဂတ်တွင်မြေယာပိုင်ဆိုင်မှုနှင့်ပက်သက်သည့်အာမခံချက်များရရှိရန်အတွက်ဆန္ဒရှိသူများစသည်တို့အားကူညီလမ်းညွှန်မှုပေးရန်ရည်ရွယ်ပါသည်။

## မြန်မာနိုင်ငံတွင်မြေယာဥပဒေနှင့်လုပ်ထုံးလုပ်နည်းတွေကဘာတွေဖြစ်ကြပါသလဲ ?

နေရပ်ကိုစွန့်ခွာထွက်မပြေးခင်အချိန်၌စခန်းထဲတွင်နေထိုင်သူအများစုသည်လူ့သိုင်းအဝိုင်းအဆင့်တွင်မိရိုးဖလာအစဥ်အလာအရလုပ်ကိုင်ဖြစ်ပေါ် လာခဲ့သောမြေယာအသုံးပြုမှုစနစ်မှတဆင့်မြန်မာနိုင်ငံကျေးလက်ဒေသမြေယာများပေါ် တွင်အာမခံချက်တချို့လက်ဆုပ်လက်ကိုင်ရှိခဲ့သည်။သို့သော်လည်းဤမိရိုးဖလာစနစ်ကိုမြန်မာနိုင်ငံတော်မြေယာဥပဒေများအောက်၌အသိအမှတ်ပြုခြင်းမခံခဲ့ရပေ၊ထိုဥပဒေများသည်ငင်းတို့တစ်ချိန်ကနေထိုင်ခဲ့သောမြေကိုပြန်လည်တောင်းဆိုရာတွင် (သို့မဟုတ် )ငင်းတို့မြေကိုပြန်လည်ရယူချင်သူတစ်ချို့အတွက်အခက်အခဲရှိစေသည်။

မြန်မာနိုင်ငံတွင်မြေယာနှင့်ပက်သက်သည့်ဥပဒေနှင့်စည်းမျဥ်းများအများအပြားရှိသည်။သို့သော်လည်းစခန်းထဲတွင်နေထိုင်သောသူများနှင့်အများဆုံးသက်ဆိုင်သည့်ဥပဒေလေးခုသည် : (၂၀၀၈ )ခုနှစ်ပြည်ထောင်စုမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊(၂၀၁၂ )ခုနှစ်မြေယာစိုက်ပျိုးရေးဥပဒေ၊(၂၀၁၂ )ခုနှစ်မြေလွတ်၊ပလပ်မြေ (ထွန်ယက်စိုက်ပျိုးခြင်းမရှိသောမြေ )နှင့်ပကတိမြေ (မြေသန့် )များစီမံခန့်ခွဲရေးဥပဒေ၊နှင့် (၁၈၉၈ )[1] ခုနှစ်အောက်မြန်မာပြည်မြို့နှင့်ကျေးရွာမြေများအက်ဥပဒေစသည်တို့ဖြစ်သည်။

မြန်မာနိုင်ငံတွင်မြေယာအားလုံးကိုအတူတကွဤဥပဒေများဖြင့်အစိုးရမှပြဌာန်းထားသည်။အထူးသဖြင့်မြေလွတ်များကျန်ရစ်ခဲ့ခြင်း (သို့မဟုတ် )ထွန်ယက်စိုက်ပျိုးမှုမရှိခြင်းစသည်များဖြစ်ပေါ် လာသောအခါအစိုးရမှတစ်ဦးချင်းစီကိုဖြစ်စေ၊ပူးပေါင်းလုပ်ကိုင်ရန်ဖြစ်စေ၊(သို့မဟုတ် )ဖွံ့ဖြိုးရေးစီမံကိန်းများပြုလုပ်ရန်ဖြစ်စေမြေကိုအသုံးပြုခွင့်ပေးရန်အတွက်အာဏာသည်အစိုးရတွင်ရှိသည်၊

မြန်မာနိုင်ငံတွင်နိုင်ငံရေးအရတိုးတက်လာခြင်းနှင့်နိုင်ငံတွင်သဘာဝသံယံဇာတများကိုကျယ်ကျယ်ပြန့်ပြန့်တွေ့ရှိလာခဲ့သောကြောင့်လွန်ခဲ့သောနှစ်အနည်းငယ်၌အရှေ့တောင်ပိုင်းတွင်စီးပွားရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပဏာမခြေလှမ်းများအများအပြားရှိလာခဲ့သည်။ထို့ပြင်နေထိုင်သူအသစ်များမှလည်းနေရာဒေသများသို့ပြည်တွင်းမှာပင်လှည့်လည်ပြောင်းရွှေ့နေထိုင်လာခဲ့ကြသည်။အထူးသဖြင့်အစိုးရမှအလွတ်ကျန်ရှိနေခဲ့သည့်တချို့မြေယာများကိုခွဲဝေသတ်မှတ်ပေးခဲ့ပြီးတချို့အခြေအနေများတွင်လက်နက်ကိုင်အဖွဲ့များမှဤလိုအပ်ချက်အသစ်များအတွက်ပံ့ပိုးဆောင်ရွက်ပေးသည်။ဤအရာများသည်ငင်းတို့၏မူရင်းနေရပ်နိုင်ငံသို့ပြန်လည်အခြေချရန်တတ်နိုင်သည့်ဒုက္ခသည်များအပေါ် တွင်အကျိုးသက်ရောက်မှုရှိစေလိမ့်မည်ဖြစ်သည်။

## ကျွန်ုပ်တို့မြေကိုဘယ်လိုပြန်လည်တောင်းဆိုရမလဲ ?

လက်တွေ့ဆောင်ရွက်မှုအရအကယ်၍လူတစ်ယောက်သည်တစ်ချိန်ကဤမြေပေါ် တွင်နေထိုင်ခဲ့ခြင်း (သို့မဟုတ် )မြေကိုထွန်ယက်စိုက်ပျိုးခဲ့ခြင်းစသည်တို့ကိုလုပ်ကိုင်ခဲ့သောမြေသည်ယခုအခါအလွတ်ကျန်ရှိနေပြီးခွဲဝေသတ်မှတ်မှုများလည်းမခံရသေးပါကအများစုသည်ငင်းတို့၏မြေများကိုအလွယ်တကူပြန်လည်ရရှိနိုင်သည်။တစ်ချိန်ကလယ်သမားများသည်ဥပဒေသစ်များအရငင်းတို့မြေကိုအခိုင်အမာအာမခံချက်ရှိစေသည့်တရားဝင်အထောက်အထားများကိုရရှိရန်အခွင့်အရေးရှိကြသည်။ဤမြေအသုံးပြုမှုအထောက်အထားစာကိုမြို့နယ်မြေယာမှတ်တမ်းဌာနရုံးမှတဆင့်လျှောက်ထားခြင်းဖြင့်ရရှိနိုင်သည်။[2] သို့သော်လည်းဤလုပ်

[1] Constitution of the Republic of the Union of Myanmar (September 2008); Farmland Law, Pyidaungsu Hluttaw Law No.11 of 2012 (March 30, 2012); The Vacant, Fallow and Virgin Lands Management Law, Pyidaungsu Hluttaw Law No.10 of 2012 (March 30, 2012); The Lower Myanmar Town and Village Lands Act, Burma Act IV of 1898, (September 9, 1899).

[2] Farmland Law, Chapter 2 (March 30, 2012).

ငန်းကိစ္စများသည်မြေကိုအပိုင်ပေးခြင်းမဟုတ်သည်ကိုဂရုပြုသင့်ပါသည်။အရှုပ်အထွေးများရှိလာခဲ့ခြင်း၊မြေဈေးကြီးမြင့်လာခြင်းနှင့်မြေအမည်ပေါက်များရရှိရန်ခက်ခဲလာခြင်းစသည်တို့ကြောင့်ဝေဖန်မှုများလည်းရှိလာသည်။

**အကယ်၍ကျွန်ုပ်တို့မြေကိုယခုအခါတစ်ခြားမိသားစုများ/ စီးပွားရေးလုပ်ငန်းများ/စီမံကိန်းများစသည်အားဖြင့်အသုံးပြု နေပါကကျွန်ုပ်တို့မြေကိုပြန်ရအောင်ဘယ်လိုပြန်လည်တောင်းဆိုရမလဲ (သို့မဟုတ် )ဘယ်လိုလျော်ကြေးရရှိမလဲ ?**

မြေယာကိုနိုင်ငံ့ဘဏ္ဍာ (နိုင်ငံပိုင် )အဖြစ်သိမ်းယူခံခဲ့ရခြင်း (သို့မဟုတ် )တခြားသူများမှာအပိုင်စီးသွားခဲ့ခြင်းစသည်များဖြစ်လာသောအခါနစ်နာကြေးအတွက်အသုံးပြုမည့်တရားဝင်လမ်းကြောင်းများနှင့်တရားမဝင်လမ်းကြောင်းများအရေအတွက်အတော်များများရှိသည်။၎င်းတို့မှာ :

- မြေယာစုံစမ်းရေးကော်မရှင် (သို့မဟုတ် )တရားဥပဒေစိုးမိုးရေးနှင့်တည်ငြိမ်အေးချမ်းရေးကော်မတီတို့ထံတွင်စာဖြင့်ရေးသားဖော်ပြထားသောတိုင်ကြားစာများတင်ခြင်း။၂၀၁၄ခုနှစ်သြဂုတ်လတွင်အပြီးတင်သင့်ပါသည်။[3]

- ခရိုင်နှင့်မြို့နယ်အဆင့်များရှိသက်ဆိုင်ရာမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီထံတွင်တိုင်ကြားချက်ကိုတင်ခြင်း။[4]

- နိုင်ငံအမျိုးသားရေးရာအတွက်ထားရှိသည့်သက်ဆိုင်ရာဝန်ကြီးများထံတွင်တိုင်ကြားချက်တင်ခြင်း။

- မြေကိုအသုံးပြုရန်အတွက် (သို့မဟုတ် )ဆုံးရှုံးသွားသောအသက်မွေးဝမ်းကျောင်းမှုများအတွက်မြေယာပြန်လည်ရရှိရန် (သို့မဟုတ် )လျော်ကြေးငွေရရှိဖို့ကြိုးပမ်းရန်အတွက်ဒေသန္တရအဆင့်တွင်ကော်မတီတစ်ရပ်ဖွဲ့စည်းခြင်း။

- အစိုးရ၊KNU၊နှင့်ပုဂ္ဂလိကကုမ္ပဏီများအပါအဝင်တာဝန်ရှိသူများထံသို့တိုင်ကြားချက်များရေးသားတင်ပြခြင်း၊ထိခိုက်ခံခဲ့ရသောမြေ၏ပမာဏနှင့်တန်ဖိုးကိုတောင်းဆိုခြင်း။

- မြေအသုံးပြုခြင်းသတ်မှတ်ချက်များနှင့်ပက်သက်၍စီးပွားရေးလုပ်ငန်းများ၊လက်နက်ကိုင်အဖွဲ့များ၊ (သို့မဟုတ် )အစိုးရအရာရှိများစသည်တို့နှင့်ဆွေးနွေးညှိနှိုင်းခြင်း။

- ဥပဒေမလိုက်နာခြင်း -တခြားသူများမှမြေနေရာလာယူခြင်းနှင့်မြေအသုံးချမှုများကိုရိုးရိုးစင်းစင်းငြင်းဆန်ခြင်း။

ဤနည်းလမ်းများသည်အောင်မြင်မှုအတိုင်းအတာအနည်းသာရှိလင့်စကား၊လက်တွေ့တွင်မူမြေယာများကိုအကာအကွယ်ပေးခြင်း (သို့မဟုတ် )နိုင်ငံပိုင်သိမ်းယူထားသောမြေများအတွက်လျော်ကြေးငွေပေးခြင်း (သို့မဟုတ် )မြေယာများကိုပြန်လည်ခွဲဝေပေးခြင်းစသည်တို့ကိုလုပ်ဆောင်ရန်အလွန်ခက်ခဲသည်။[5]

---

[3] ၂၀၁၂ ခု သြဂုတ်လ **ရက် တွင် ပြည်သူ့လွှတ်တော်သည် စုံစမ်းစစ်ဆေးရေးကော်မတီ** ကို တစ်**နှစ်စာအတွက်ဖွဲ့စည်းခဲ့သည်။ ကော်မရှင်အဖွဲ့**၏ သက်**တမ်းကို ၂၀၁၄ ခု သြဂုတ်လထိ တိုးမြင့်ထားသည်။ အနာဂတ်တွင် ကော်မရှင်အဖွဲ့**၏သက်**တမ်း တိုးမည်မတိုးမည်ကို ဖေါ်ပြခြင်းမရှိပါ။**

[4] **တိုင်းပြည်ငြိမ်းချမ်းရေး** နှင့် ဖွံ့ဖြိုးတိုးတက်ရေးကောင်**စီအောက်တွင် တပ်မတော်သည် လယ်သမားများထံမှ မြေများကို စစ်တပ်များအတွက်အသုံးပြု ရန်သိမ်းယူထားသည်။ မကြာမီကပင်နိုင်ငံတော် သမ္မတရုံးမှ** မြေအချို့ကို ပြန်**ပေးရန် ကာကွယ်ဝန်ကြီးဌာနထံ တောင်းခံခဲ့သည်။ လူတစ်ဦးချင်းမှ** မိမိသိမ်း**ထားခြင်းခံရသည့်မြေကို ပြန်ပေးအပ်သော စားရင်းထဲတွင် ရှိမရှိကို သက်ဆိုင်ရာကော်မတီသို့မေးမြန်းစုံစမ်းနိုင်ပြီး ရှိပါက** ပြန်**လည်ရယူနိုင်မည်။**

[5] Much of the information for this note was obtained through the Karen Human Rights Group, *Losing Ground: Land Conflicts and Collective Action in Eastern Myanmar*, March 2013.

**အကယ်၍မူလကကျွန်ုပ်ပိုင်တဲ့မြေကိုပြန်မရရှိရင်ကျွန်ုပ်ဘယ်မှာနေထိုင်ပြီးလယ်ကိုဘယ်လိုစိုက်ပျိုးရမှာလဲ ?**

မြန်မာနိုင်ငံအစိုးရ၊လက်နက်ကိုင်အဖွဲ့များ၊ဒုက္ခသည်ခေါင်းဆောင်ပိုင်းများနှင့်လူသားချင်းစာနာထောက်ထားသည့်အဖွဲ့အစည်းများအားလုံးတို့မှမြေယာသည်ပူပန်သောကအကြီးမားဆုံးများထဲမှတစ်ခုဖြစ်ကြောင်းကိုကောင်းစွာနားလည်သဘောပေါက်ကြပြီးနေရပ်ပြန်လည်အခြေချမည့်သူများအတွက်နေထိုင်မှုအာမခံချက်နှင့်အသက်မွေးဝမ်းကျောင်းမှုအာမခံချက်များရရှိရန်အတွက်မြေယာရရှိအောင်ပြုလုပ်ရမည်ဖြစ်သည်။

အကယ်၍မူရင်းနေရပ်သို့ပြန်လည်အခြေချရန်အတွက်မတတ်နိုင်ခြင်း (သို့မဟုတ် )ပြန်လည်အခြေချရန်ဆန္ဒမရှိခြင်းနှင့်ပြန်ရန်ဆန္ဒရှိသည့်တခြားနေရာများကိုမရွေးချယ်ရသေးခြင်းစသည်တို့ဖြစ်လာပါနိုင်ငံတော်နှင့်တိုင်းရင်းသားခေါင်းဆောင်များမှမြန်မာနိုင်ငံထဲတွင်ပြည်တွင်းရှိနေရပ်စွန့်ခွာထွက်ပြေးသူများအတွက်နှင့်ထိုင်းနိုင်ငံထဲတွင်ကာကွယ်မှုလိုအပ်သောသူများအတွက်ရွေးချယ်သတ်မှတ်ပေးထားသောမြေများကိုပြန်လည်အခြေချရန်ရွေးချယ်နိုင်သည်။ယခုတွင်စီမံကိန်းအတော်များများရှိနေပြီဖြစ်ကာဖွံ့ဖြိုးတိုးတက်မှုအောက်တွင်ရှိနေကြပြီဖြစ်သည်။

ပြန်လည်အခြေချရန်အတွက်အချိန်နှင့်နေရာတခုခုဆုံးဖြတ်ချက်ချခြင်းကိုသင်ကိုယ်တိုင်အပြည့်အဝလုပ်ဆောင်နိုင်သည်။သင်တို့ထဲမှတစ်ချို့သည်သီးခြားရွှေပြောင်းရန်ဆန္ဒရှိကြလိမ့်မည်ဖြစ်သည်၊တစ်ချို့မှာသူငယ်ချင်းအပေါင်းအသင်းများနှင့်အိမ်နီးနားခြင်းများနှင့်အတူပြောင်းရွှေရန်ဆန္ဒရှိကြမည်ဖြစ်ကာတစ်ချို့မှာသင်၏ရွာ(သို့မဟုတ် )စခန်းခေါင်းဆောင်များနောက်သို့လိုက်ချင်ကြလိမ့်မည်ဖြစ်ပြီးတစ်ချို့မှာလုံးဝမပြောင်းရွှေဖို့ဆုံးဖြတ်ကြလိမ့်မည်ဖြစ်သည်။မည်သည့်ဆုံးဖြတ်ချက်ချသည်ပဲဖြစ်စေသင်ဆုံးဖြတ်လိုက်သည့်ဆုံးဖြတ်ချက်သည်ဖြစ်နိုင်ချေဘယ်လောက်များများရှိသည်ဆိုတာကိုသင့်ကိုသင်သိမြင်ဖို့အရေးကြီးပါသည်။စခန်းထဲတွင်ကျေးဇူးပြု၍နားစွင့်နေပါ၊သင်၏အိမ်နီးနားချင်းများနှင့်ခေါင်းဆောင်များကိုမေးမြန်းကြည့်ပါ၊သင်ဆုံးဖြတ်ရန်စဉ်းစားထားသည့်နေရာ၌ရရှိနိုင်သောဝန်ဆောင်မှုများနှင့်သဘာဝပတ်ဝန်းကျင်အကြောင်းကိုလေ့လာသင်ယူပြီးသင်လက်ခံရရှိသည့်သတင်းအချက်အလက်ဖြစ်နိုင်ခြေအတိုင်းအတာတိုင်းကိုစိစစ်အတည်ပြုပါ။

မြန်မာနိုင်ငံရှိမြေယာအကြောင်းကိစ္စများ (သို့မဟုတ် )စီမံကိန်းများစသည်တို့နှင့်ပက်သက်သည့်မေးခွန်းများရှိလာပါကကျေးဇူးပြု၍UNHCR နှင့်ဆက်သွယ်ပါ။အကယ်၍မြန်မာနိုင်ငံထဲတွင်နေထိုင်ပါကအရှေ့တောင်ပိုင်းတွင်ရှိသောကျွန်ုပ်တို့၏မည်သည့်ရုံးကိုမဆိုဆက်သွယ်နိုင်ပါသည်။[6] အကယ်၍ထိုင်းနိုင်ငံထဲတွင်နေထိုင်ပါကသင်၏အနာဂတ်နှင့်ပက်သက်သည့်သတင်းအချက်အလက်များကိုလွတ်လပ်စွာရွေးချယ်မှုများပြုလုပ်ရာတွင်ကူညီရန်အတွက်သတင်းအချက်အလက်များကိုဖြစ်နိုင်သလောက်ရရှိရန်ကြိုးပမ်းရာတွင်မြန်မာနိုင်ငံထဲ၌ရှိသောလုပ်ဖော်ကိုင်ဖက်များနှင့်အတူကျွန်ုပ်တို့လုပ်ကိုင်ဆောင်ရွက်နိုင်ပါသည်။

---

[6] UNHCR မြန်မာ ရုံးများကို အ ရှေ့တောင်**ဘက်** အောက်**ပါမြို့များတွင်တွေ့**ရှိ နိုင်သည်။

**မော်လမြိုင်၊ ဖားအံ၊ တောင်ငူ၊ မြိတ်၊ လှိုင်ကော်**